# ကလေးကူးသန်းရောင်းဝယ်မှု ပပျောက်ဖို့ ဝိုင်းဝန်းဆောင်ရွက်ကြပါစို့။

လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)မှ
ထုတ်ဝေသည်။


ရေးသားသူ – Aung Myo Min
*Director (HREIB)*

မျက်နှာဖုံး – Han Lay

အတွင်းကာတွန်း – Saw Ngo

စာအုပ်အပြင်အဆင် – M M M Lwin

ပုံနှိပ် – လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)

အုပ်ရေ – ပထမအကြိမ် (၂၀၀၀)



ဆက်သွယ်ရန် –

Human Rights Education Institute of Burma (HREIB)
G.P.O Box 485, Chiang Mai 50000, Thailand.
E-mail : hreburma@loxinfo.co.th
http://www.hreib.com, www.hreib.org

# အမှာစာ

ကလေးဆိုသည်မှာ အနာဂတ်၏ခေါင်းဆောင်လောင်းများဖြစ်သလို မိသားစုများ၏ ရတနာများဖြစ်သည်ဟု မိမိတို့လက်ခံတန်ဖိုးထားခဲ့ကြလျက်ရှိသည်။ ရင်သွေးငယ်ကလေးများအပေါ် အန္တရာယ်ဆိုးများမကျရောက်နိုင်အောင် ဝိုင်းဝန်း ကာကွယ်ရန်မှာ လူသားတိုင်း၏ တာဝန်တရပ်ဖြစ်ကြောင်း အားလုံးအသိပင်ဖြစ်သည်။ သို့သော် လက်ရှိခေတ်ကာလတွင် ကလေးများအား ကူးသန်းရောင်းဝယ်ခြင်းအပါအဝင် အခြားသောနည်းမျိုးစုံဖြင့်အမြတ်ထုတ်မှုများ တည်ရှိနေခြင်းမှာ ဝမ်းနည်းစရာ ကောင်းသည့်အချက်ပင်။

ကလေးကူးသန်းရောင်းဝယ်မှုများပပျောက်အောင် ကြိုးပမ်းဆောင် ရွက်မှုများကို ကမ္ဘာပေါ်ရှိအစိုးရများ၊ အဖွဲ့အစည်းများကဝိုင်းဝန်းလုပ်ဆောင်လျက်ရှိကြသည်။ အစိုးရများနှင့် ကလေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းများ ပူးပေါင်း၍ ကလေးကူးသန်းရောင်းဝယ်သူများကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်မှုများ၊ ဥပဒေများထုတ်ပြန်၍ကာကွယ် ပေးမှုများ၊ ပြည်သူလူထုအကြား အသိပညာပေးမှုများကို လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများပူးပေါင်းဖွဲ့စည်းထားသော မြန်မာနိုင်ငံကလေးကူးသန်းရောင်းဝယ်မှုဆန့် ကျင်ရေးအဖွဲ့ Burma Anti-Child Trafficking (Burma ACT) အဖွဲ့သည်လည်း တခုအပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံမှကလေးများကို တိုင်းတပါးနိုင်ငံများသို့ နည်းအမျိုးမျိုးဖြင့် ကူးသန်းရောင်းဝယ်နေမှုများပပျောက်စေရန် အားသွန်ခွန်စိုက်လုပ်ဆောင်နေသော ယခုအဖွဲ့ကို ၂၀၀၆ ခုနှစ် မတ်လ (၁၇) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကလေးများကို ကာကွယ်ရန်လုပ်ဆောင်နေသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော ယခုအဖွဲ့သည် ကလေးကူးသန်းရောင်းဝယ်မှုအကြောင်း အသိပညာပေးမှုများကို ထိုအချိန်မှစတင်လုပ်ဆောင်ခဲ့ရာ ယခုအချိန်တိုင်ထိပင်။

အဖွဲ့တွင်ပါဝင်သော လုပ်ရှားသူများ၏ ဆွေးနွေးချက်၊ အကြံပေးချက်များကို စုစည်း၍ ယခုစာအုပ်ကို ထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုစာအုပ်သည် ကလေးကူးသန်းရောင်းဝယ်မှုအကြောင်း ပညာပေးသူများနှင့် တားဆီးရေးလုပ်ဆောင်နေသူများအတွက် တစုံတရာအကျိုးရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ ဤစာအုပ်ပါအကြောင်းအရာများကို ဖတ်ရှုလေ့လာ၍ကလေးကူးသန်းရောင်းဝယ်မှုတားဆီးရေး လုပ်ငန်းများတွင်တတတ်တအားပါဝင်လာစေရန် မြန်မာနိုင်ငံ ကလေးကူးသန်းရောင်းဝယ်မှု ဆန့်ကျင်ရေးအဖွဲ့ ကိုယ်စား တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အောင်မျိုးမင်း
ဒါရိုက်တာ
လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)
ဒီဇင်ဘာလ၊ ၂၀၀၆ ခုနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကူးသန်းရောင်းဝယ်ခြင်းဆိုသည်မှာ | ၆ |
| ၂။ | ကမ္ဘာပေါ်ရှိကလေးကူးသန်းရောင်းဝယ်မှုအခြေအနေ | ၈ |
| | – ကလေးသူငယ်ဆိုင်ရာအချက်အလက်များ | ၈ |
| ၃။ | အရှေ့တောင်အာရှနှင့် ကလေးကူးသန်းရောင်းဝယ်မှု | ၉ |
| ၄။ | မြန်မာနိုင်ငံကလေးကူးသန်းရောင်းဝယ်မှုအခြေအနေ | ၉ |
| ၅။ | ကလေးကူးသန်းရောင်းဝယ်ခံရသည့်အကြောင်းရင်းအချက်များ | ၁၂ |
| ၆။ | မြန်မာနိုင်ငံမှအခြားနိုင်ငံများသို့လူကုန်ကူးမှုလမ်းကြောင်းများ | ၁၃ |
| ၇။ | ကူးသန်းရောင်းဝယ်သည့်ရည်ရွယ်ချက် | |
| | – လိင်လုပ်ငန်းများတွင် ပြည့်တန်ဆာအဖြစ်စေခိုင်းရန်အတွက် ကူးသန်းရောင်းဝယ်ခြင်း | ၁၃ |
| | – ပင်ပန်းပြီးလစာနည်းသောလုပ်ငန်းများတွင်စေခိုင်းရန်အတွက် ကူးသန်းရောင်းဝယ်ခြင်း | ၁၆ |
| | – သူတောင်းစားများအဖြစ်စေခိုင်းရန်အတွက်ကူးသန်းရောင်းဝယ်ခြင်း | ၁၈ |
| | – သတို့သမီးအဖြစ်လက်ထပ်ရန် ကူးသန်းရောင်းဝယ်ခြင်း | ၂၀ |
| | – တရားမဝင်မွေးစားရန် အတွက်ကူးသန်းရောင်းဝယ်ခြင်း | ၂၁ |
| ၈။ | ကလေးကူးသန်းရောင်းဝယ်မှုနှင့် မြန်မာနိုင်ငံဥပဒေ | ၂၁ |
| ၉။ | ကလေးကူးသန်းရောင်းဝယ်မှုနှင့် ထိုင်းနိုင်ငံဥပဒေ | ၂၄ |
| ၁၀။ | ကလေးကူးသန်းရောင်းဝယ်မှုနှင့် နိုင်ငံတကာသဘောတူစာချုပ်များ | ၂၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | ကလေးအခွင့်အရေးဆိုင်ရာစာချုပ် ကလေးများအားရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနှင့်“ကလေးညစ်ညမ်းစာပေများဆိုင်ရာ နောက်ဆက်တွဲစာချုပ်” | ၂၆ |
| | ကလေးကူးသန်းရောင်းဝယ်မှုပပျောက်ရန်လုပ်ဆောင်နိုင်သည့် လုပ်ငန်းများ | ၂၇ |
| | – ဥပဒေပိုင်းဆိုင်ရာလုပ်ဆောင်ခြင်း | ၂၈ |
| | – ကူးသန်းရောင်းဝယ်ခံရသူများကို ကာကွယ်ပေးခြင်း | ၂၉ |
| | – နေရပ်သို့ပြန်လည်ပို့ဆောင်ခြင်း | ၂၉ |
| | – ကလေးကူးသန်းရောင်းဝယ်ခံရပါက ဆက်သွယ်နိုင်သည့် ထိုင်းနိုင်ငံရှိအဖွဲ့များ | ၃၀ |

## ကူးသန်းရောင်းဝယ်ခြင်းဆိုသည်မှာ-

*လူတဦးတယောက်ကို အမြတ်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်၍သော်လည်းကောင်း၊ အဓမ္မအကြပ်ကိုင်၍သော်လည်းကောင်း၊ ပြန်ပေးဆွဲ၍သော်လည်းကောင်း၊ လိမ်လည်လှည့်ဖျား၍သော်လည်းကောင်း၊ မိမိ၏အခွင့်အာဏာကိုအသုံးချ၍သော်လည်းကောင်း၊ ထိုသူ၏အားနည်းချက်ကိုအခွင့်ကောင်းယူ၍သော်လည်းကောင်း၊ ထိုသူ၏အုပ်ထိန်းသူထံမှ သဘောတူဆန္ဒရရှိရန်အတွက် အခကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေး၍ သို့မဟုတ် ယူ၍သော်လည်းကောင်း လူတယောက်ကို သိမ်းသွင်းခြင်း၊ ပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံစရာနေရာပေးခြင်း၊ လက်ခံခြင်းကိုဆိုလိုသည်။*[1]

အမြတ်ထုတ်ခြင်းဆိုသည်မှာ အနိမ့်ဆုံးအနေဖြင့် ပြည့်တန်ဆာလုပ်ငန်းတွင်စေခိုင်းခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာစော်ကားအမြတ်ထုတ်ခြင်း၊ လုပ်အားပေးစေခိုင်းခြင်းနှင့် အခြားလုပ်ငန်းများတွင်အသုံးပြုခြင်း၊ ကျွန်ပြုခြင်း သို့မဟုတ် ကျွန်ပြုခြင်းနှင့်ဆင်တူသော အခြားလုပ်ငန်းများတွင် စေခိုင်းခြင်း၊ အစေအပါးပြုခိုင်းခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖယ်ထုတ်ခြင်းတို့ကို ဆိုလိုသည်။ ထိုကဲ့သို့သော အမြတ်ထုတ်ခြင်းမျိုးလုပ်ဆောင်ရာတွင် ကူးသန်းရောင်းဝယ်ခံရသူကိုယ်တိုင်က ဆန္ဒအလျောက်သဘောတူသည့်တိုင်အောင် အမြတ်ထုတ်ခြင်းမြောက်သည်။




[1] United Nations Protocol to Prevent, Suppress, and Punish Trafficking in Persons, Especially Women and Children, Supplementing the UN Convention Against Transnational Organized Crime' (2000).

## *ကလေးကူးသန်းရောင်းဝယ်ခြင်းဆိုသည်မှာ–*

*အသက် (၁၈) နှစ်အောက်ကလေးများကို အထက်တွင်ဖော်ပြထားသော အမြတ်ထုတ်ခြင်းများအတွက်သာမက အခြားသောအမြတ်ထုတ်ခြင်းတမျိုးမျိုးအတွက် သိမ်းသွင်းခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံစရာနေရာပေးခြင်းနှင့် လက်ခံခြင်းကို ဆိုလိုသည်။[၂]*

## *ထို့ကြောင့် ကလေးကူးသန်းရောင်းဝယ်ခြင်းဆိုသည်မှာ–*

- ကူးသန်းရောင်းဝယ်ခြင်းခံရသူသည် အသက် (၁၈) နှစ်အောက်ဖြစ်ရမည်။
- အမြတ်ထုတ်ရန်ရည်ရွယ်ချက်ရှိပါက ထိုကလေး၏ ဆန္ဒပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ကူးသန်းရောင်းဝယ်ခြင်းမြောက်သည်။
- ကလေးအပေါ် အမြတ်ထုတ်ခြင်းဟုဆိုရာတွင် လိင်ပိုင်းဆိုင်ရာစော်ကားအမြတ်ထုတ်ခံရမှုမဟုတ်ဘဲ အခြားသောနည်းလမ်းများဖြင့် အမြတ်ထုတ်ခြင်းများလဲ အကျုံးဝင်သည်။




---

[2] United Nations Protocol to Prevent, Suppress, and Punish Trafficking in Persons, Especially Women and Children, Supplementing the UN Convention Against Transnational Organized Crime' (2000).

## ကမ္ဘာပေါ်ရှိ ကလေးကူးသန်းရောင်းဝယ်မှုအခြေအနေ

ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်များရံပုံငွေအဖွဲ့ (ယူနီဆက်) အဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် နှစ်စဉ်နှစ်တိုင်း ကလေးပေါင်း တသန်းနှစ်သိန်းခန့် ကူးသန်းရောင်းဝယ်ခံနေရသည်။ ယူနီဆက်၏ လေ့လာချက်များတွင် အမျိုးသမီးများနှင့် ကလေးများကို လိင်လုပ်ငန်းနှင့် အခကြေးငွေနည်းနည်းနှင့်လုပ်ရသော လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အဓိက ကူးသန်းရောင်းဝယ်လေ့ရှိသည်ဟုဆို၏။ ထို့ကြောင့် တိုးပွားလာသောလိင်လုပ်ငန်း၊ တနေ့တခြားပိုမိုသည့် အလုပ်သမားလိုအပ်မှုတို့နှင့် လူကူးသန်းရောင်းဝယ်မှုတို့ ဆက်စပ်နေလေ့ရှိသည်ဟု လေ့လာသူများကဆိုသည်။ ဆင်းရဲမှုဒဏ်ခံစားနေရသော နိုင်ငံများမှ အမျိုးသမီးများနှင့် ကလေးများသည် လူကုန်ကူးသန်းရောင်းဝယ်မှု၏ သားကောင်များဘဝသို့ အများအားဖြင့် ကျရောက်လေ့ရှိသည်။ ထိုသို့လူကူးသန်းရောင်းဝယ်ခံရပြီး အမြတ်ထုတ်ခံရသော အမျိုးသမီးများနှင့်ကလေးများသည် အထူးဆိုးဝါးလှသောအဖြစ်ဆိုးများကို ရင်ဆိုင်ကြရလေ့ရှိသည်။ ကူးသန်းခံရစဉ်အတွင်းနှင့် ရောင်းဝယ်ခံရပြီးနောက်ပိုင်းတွင် ရုပ်ပိုင်း၊ လိင်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ စော်ကားနှိပ်စက်ခံကြရ၏။

### ကလေးသူငယ်ဆိုင်ရာအချက်အလက်များ

ကမ္ဘာပေါ်တွင် နှစ်စဉ်နှစ်တိုင်းကလေးပေါင်း တသန်းနှစ်သိန်းခန့် ကူးသန်းရောင်းဝယ်ခံနေရလျက်ရှိသည်။

အရှေ့တောင်အာရှဒေသတွင် နှစ်စဉ်နှစ်တိုင်း အမျိုးသမီးနှင့် ကလေးငယ်ပေါင်း နှစ်သိန်းနှစ်သောင်းငါးထောင်ခန့် ကူးသန်းရောင်းဝယ်ခံနေရလျက်ရှိသည်။

ကမ္ဘာပေါ်တွင် လူကူးသန်းရောင်းဝယ်မှုလုပ်ငန်းမှ ရရှိသောအမြတ်အစွန်းသည် နှစ်စဉ်နှစ်တိုင်း ဒေါ်လာ ကုဋေပေါင်း ကိုးရာ့ငါးဆယ် (9.5 billion) ရှိသည်။

မိန်းကလေးငယ်အများစုဖြစ်သော ကလေးငယ်ပေါင်း တသန်းရှစ်သိန်းခန့်သည် လိင်လုပ်ငန်းများတွင် နှစ်စဉ်နှစ်တိုင်း အမြတ်ထုတ်ခံနေရလျက်ရှိသည်။

ကမ္ဘာပေါ်တွင် ကလေးအလုပ်သမားပေါင်း ၂၄၆ သန်းခန့်ရှိသည်။

ထိုကလေးအလုပ်သမားများအနက် ကလေးအလုပ်သမား ၁၇၁ သန်းသည် အန္တရာယ်ရှိသောလုပ်ငန်းများတွင် လုပ်ကိုင်နေရလျက်ရှိပြီး ထိုကလေးများထဲတွင် ၇၃ သန်းသည် အသက် ဆယ်နှစ်အောက်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ကလေးပေါင်း ရှစ်သန်းလေးသိန်းသည် ကြွေးမြီဖြင့် ချည်နှောင်ထားသောအလုပ်များ၊ ကျွန်သဖွယ်လုပ်ကိုင်ရသောအလုပ်များ၊ ပြည့်တန်ဆာအလုပ်များ၊ ညစ်ညမ်းစာပေများနှင့် လက်နက်ကိုင်ပဋိပက္ခများအတွင်းတွင် လုပ်ကိုင်နေရလျက်ရှိသည်။ (UNICEF, ILO, CIA အစီရင်ခံစာများ ၂၀၀၅–၂၀၀၆ ခုနှစ်)

## အရှေ့တောင်အာရှဒေသနှင့် ကလေးကူးသန်းရောင်းဝယ်မှု

အရှေ့တောင်အာရှဒေသအတွင်း အမျိုးသမီးနှင့်ကလေးငယ်ပေါင်း နှစ်သိန်းမှ နှစ်သိန်းနှစ်သောင်းငါးထောင်ခန့်သည် နှစ်စဉ်နှစ်တိုင်း ကူးသန်းရောင်းဝယ်ခံနေရသည်။ အဆိုးဝါးဆုံးနေရာမှာ မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ တရုတ်နိုင်ငံတို့ထိစပ်လျက်ရှိသော မဲခေါင်မြစ်ဝှမ်းဒေသဖြစ်သည်။ အမေရိကန်အစိုးရနိုင်ငံခြားရေးဌာန၏ ခန့်မှန်းချက်အရ အရှေ့တောင်အာရှဒေသတွင် အမျိုးသမီးနှင့် ကလေးပေါင်း နှစ်သိန်းနှစ်သောင်းငါးထောင်ခန့်ကူးသန်းရောင်းဝယ်ခံခဲ့ရသည်ဟုဆို၏။ ထိုဒေသအတွင်းရှိ နိုင်ငံများ၏ စီးပွားရေးအခြေအနေကွာဟမှုများပြားခြင်း၊ လူ့အခွင့်အရေးလေးစားလိုက်နာမှုအားနည်းနေခြင်း၊ ဥပဒေယန္တရားခိုင်မာမှုမရှိဘဲ လာဒ်စားမှုများရှိနေသေးခြင်းနှင့် အစိုးရများအကြား ထိရောက်သည့်ပူးပေါင်းလုပ်ဆောင်မှုမရှိသေးခြင်းတို့ကြောင့် ထိုနိုင်ငံများအကြား လူကုန်ကူးသန်းရောင်းဝယ်မှုမှာ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

## မြန်မာနိုင်ငံ ကလေးကူးသန်းရောင်းဝယ်မှုအခြေအနေ

မြန်မာနိုင်ငံရှိကလေးများသည် နိုင်ငံရေးမတည်ငြိမ်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများ၏ ဆိုးကျိုးများကို ရင်ဆိုင်ခံစားနေရလျက်ရှိသည်။ လက်ရှိမြန်မာနိုင်ငံတွင် မျိုးဆက်သုံးဆက်ခန့်မှာ နိုင်ငံရေးဖိနှိပ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် လူသားတို့အတွက်မရှိမဖြစ်လိုအပ်သောအခြေခံအထောက်အပံ့များကင်းမဲ့မှုကို ရင်ဆိုင်ဖြတ်သန်းကြီးပြင်းလာခဲ့ကြရ၏။ ထိုသို့ဖြတ်သန်းခဲ့ရသည့်အကျိုးဆက်ကြောင့် အခြေခံပညာနိမ့်ကျမှု၊ ပြင်ပဗဟုသုတမဲ့မှု၊ ကိုယ့်ကိုယ်ကိုကာကွယ်နိုင်စွမ်းနည်းပါးမှုတို့ကို ကြုံတွေ့လာရပြန်သည်။ ပြည်တွင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းများရယူခွင့်တို့ကင်းမဲ့စွာဖြင့် နေထိုင် နေရပြီး မိမိအသက်ရှင်ရန်အတွက် ရုန်းကန်ကြိုးပမ်းနေရသည့်ပြည်သူများရှိသလို လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးဆက်ကြောင့် အိမ်နီးချင်းနိုင်ငံများတွင် နိုင်ငံမဲ့များ၊ ဒုက္ခသည်များအဖြစ် ခိုလှုံနေရသောပြည်သူများလည်း ထောင်ပေါင်းများစွာရှိနေသည်။ မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများတွင် မြန်မာနိုင်ငံမှ ဒုက္ခသည်အနည်းဆုံး

တသိန်းငါးသောင်းခန့်ခိုလှုံလျက်ရှိသည်။ နောက်ထပ် လူဦးရေခြောက်သိန်းမှ ဆယ်သိန်းခန့် အရေအတွက်ရှိသော ပြည်သူများမှာ နိုင်ငံအတွင်းအတည်တကျမနေနိုင်ဘဲ လှည့်လည် နေထိုင်နေရလျက်ရှိသည်။ ထို့ပြင် လက်နက်ကိုင်စစ်ပွဲများကြောင့်ဖြစ်စေ၊ စီးပွားရေးကြပ် တည်းမှုတို့ကြောင့်ဖြစ်စေ နေရင်းမြေကိုပစ်ခွာ၍ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများ အဖြစ် လာရောက်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားပေါင်း တသန်းခန့်ရှိနေသေးသည်။

အစိုးရ၏အုပ်ချုပ်မှုညံ့ဖျင်းခြင်းကြောင့် စီးပွားရေးတိုးတက်မှုနည်းပါး၍ ဆင်းရဲ မွဲတေနေသောမြန်မာနိုင်ငံနှင့် စီးပွားရေးတိုးတက်ကောင်းမွန်နေသော အိမ်နီးချင်းနိုင်ငံများ၏ အခြေအနေကွာဟချက်ကလဲ မြန်မာနိုင်ငံမှ အမျိုးသမီးများနှင့်ကလေးများ ကူးသန်း ရောင်းဝယ်ခံရခြင်း၏ အဓိကအခြေခံအကြောင်းရင်းဖြစ်နေသည်ဟု လေ့လာသူများက တွက်ဆသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံးနိုင်ငံစာရင်းတွင် ပါဝင်နေယုံ သာမက ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံထားရလျက်ရှိ၏။ သာမန်မိသား စုများအဖို့ နေ့စဉ်ထမင်းနပ်မှန်ရန်အတွက် နေထွက်မှနေဝင်ကြိုးပမ်းရှာစားရန်လိုအပ် နေသလို အလုပ်အကိုင်ရှားပါးမှုမှာလည်း ယခုအချိန်တွင် အထူးဆိုးဝါးလျက်ရှိသည်။ အစိုးရ ဝန်ထမ်းများ၏ လစာမှာ အဆမတန်မြင့်မားနေသော ယနေ့ကုန်ဈေးနှုန်းများနှင့် နှိုင်းယှဉ် ပါက မပြောပလောက်အောင်နည်းပါးလျက်ရှိသည်။ ထို့ပြင် လယ်သမားနှင့် ကျေးလက်ဒေသ မှပြည်သူများမှာ အစိုးရက အမည်အမျိုးမျိုးဖြင့်ကောက်ခံနေလျက်ရှိသော အခွန်အကောက် မျိုးစုံတို့ဒဏ်ကြောင့် တနေ့တခြား စားဝတ်နေရေးချို့တဲ့လာခဲ့ကြသည်။ တနေ့လုပ်မှတနေ့ စားရသောအဆင့်ထက်ကျော်၍ နှစ်ရက်လုပ်သော်လည်း တနေ့အတွက်စားစရာမလောက် သောအဖြစ်မျိုးရောက်လာခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားအများအပြားသည် မိမိ တိုင်းပြည်အတွင်းရှာဖွေစားသောက်ရန်မလွယ်တော့သည့်အတွက် နီးစပ်ရာနိုင်ငံများသို့ ရေကြည်ရာမြက်နုရာရှာဖွေရန်ထွက်လာခဲ့ကြသည်။ တချိန်ထဲမှာပင် အိမ်နီးချင်းနိုင်ငံများ၏ စက်မှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ဈေးကွက်စီးပွားရေးဖွင့်ပေးခြင်းကြောင့် အခြားနိုင်ငံ များမှ ရင်းနှီးမြှုပ်နှံမှုများပြားလာမှုများကလည်း မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင် များဖန်တီးပေးလျက်ရှိသည်။ ထိုသို့အခြေအနေမျိုးကြောင့် မြန်မာနိုင်ငံသားအများအပြား သည် နိုင်ငံမှထွက်ခွာ၍ အခြားနိုင်ငံများတွင် ရရာအလုပ်လုပ်ကိုင်ရန် နေ့စဉ်ထွက်ခွာနေ လျက်ရှိ၏။ ထိုသူအများအပြားမှာ လူကုန်ကူးသန်းရောင်းဝယ်သူများ၏ သားကောင်များ ဖြစ်လာခဲ့ကြပြီး လုပ်အားအမြတ်ထုတ်စေခိုင်းသောလုပ်ငန်းများတွင် ရောင်းချခံခဲ့ရသည်။ ထို့ကြောင့်မြန်မာနိုင်ငံသည် လူကုန်ကူးသန်းရောင်းဝယ်ခံရသူများ၏ မူလအစနိုင်ငံတနိုင်ငံ

အဖြစ်သို့ ရောက်ရှိလာခဲ့တော့သည်၊ ထိုသူများအနက် အမျိုးသမီးနှင့်ကလေးများတို့မှာ လူကုန်ကူးသန်းရောင်းဝယ်ခံများအဖြစ်သို့ အလွယ်တကူကျရောက်ကုန်ကြ၏။ မြန်မာနိုင်ငံမှ ကလေးများအခြားနိုင်ငံသို့ နှစ်စဉ်နှစ်တိုင်း ကူးသန်းရောင်းချခံနေရလျက်ရှိသော်လည်း စစ်အစိုးရ၏ သတင်းအမှောင်ချထားမှုနှင့် လွတ်လပ်သောစစ်တမ်းများ ကောက်ယူနိုင်ခြင်း မရှိမှုကြောင့် မည်မျှကူးသန်းရောင်းဝယ်ခံရသည်ဆိုသော အရေအတွက်အတိအကျ ကိုသိရှိရန်ခက်ခဲလှသည်။ သို့သော် မြန်မာနိုင်ငံသည် အမေရိကန်အစိုးရကနှစ်စဉ် ထုတ်ပြန်သော နိုင်ငံများ၏ လူ့အခွင့်အရေးအစီရင်ခံစာတွင် ကလေးကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်၍ အဆိုးဝါးဆုံးနိုင်ငံအဆင့်တွင်ပါဝင်နေသလို မြန်မာနိုင်ငံမှ ကလေးငယ်များသည် အိမ်နီးချင်းနိုင်ငံများသို့ အများအပြားကူးသန်းရောင်းဝယ်ခံနေရသည်ဟု ကုလသမဂ္ဂကလေးအခွင့်အရေးဆိုင်ရာကော်မတီက ၂၀၀၄ ခုနှစ်တွင် လူသိရှင်ကြားထုတ်ဖော်ပြောဆိုခဲ့သည်။[၃]

ထို့ပြင် မြန်မာနိုင်ငံနှင့်ဆက်စပ်လျက်ရှိသော ထိုင်းနိုင်ငံအပါအဝင် အခြားအာရှနိုင်ငံများဖြစ်သော တရုတ်၊ မလေးရှား၊ ဂျပန်၊ စင်ကာပူနှင့် ပါကစ္စတန်နိုင်ငံတို့တွင် လိင်လုပ်ငန်းများ လွန်ခဲ့သောဆယ်နှစ်အတွင်း ကြီးမားတိုးပွားလာခဲ့သည်။ နိုင်ငံခြားခရီးသွားလုပ်ငန်းတိုးမြှင့်လာသည်နှင့်အတူ ထိုလုပ်ငန်း၏ဆိုးကျိုးဖြစ်သော ဈေးပေါသောလိင်ဆက်ဆံမှုအတွက် လာရောက်လည်ပတ်သူများလဲ တိုးပွားလာခဲ့သည်။ ထိုသို့တိုးပွားလာချက်များကို ဖြည့်ဆည်းပေးရန်အတွက် အမျိုးသမီးနှင့် ကလေးများကို လိင်လုပ်ငန်းတွင်စေခိုင်းရန်အတွက် ကူးသန်းရောင်းဝယ်မှုမှာလည်း ပိုမိုများပြားလာခဲ့၏။ အထူးသဖြင့် ကလေးငယ်များကို ပိုမိုပစ်မှတ်ထား၍ ကူးသန်းရောင်းဝယ်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကလေးငယ်များမှာ အရွယ်ငယ်သည့်အတွက် ၎င်းတို့ကို ထိန်းသိမ်းချုပ်ကိုင်ရန်လွယ်ကူသောကြောင့်အပြင် ကလေးများနှင့်ဆက်ဆံပါက အေအိုင်ဒီအက်စ်ရောဂါအပါအဝင် လိင်ဆက်ဆံမှုကြောင့် ကူးစက်သည့်ရောဂါများမဖြစ်နိုင်ဟု လွဲမှားစွာယုံကြည်သောကြောင့် ကလေးများမှာ လိင်လုပ်ငန်းများထဲသို့ ပိုမိုပို့ဆောင်ခံခဲ့ကြရသည်။ အဖွဲ့အစည်းတခု၏ စစ်တမ်းအရ ထိုင်းနိုင်ငံရှိ လိင်လုပ်ငန်းများတွင်အသုံးချရန် ကူးသန်းရောင်းဝယ်ခံရသော အမျိုးသမီးများ၏ သုံးဆယ်ရာခိုင်နှုန်းမှာ အသက် (၁၈)နှစ်အောက်အရွယ်များဖြစ်သည်ကို တွေ့ရသည်။ ထိုအမျိုးသမီးများမှာ အသက်ငယ်ရွယ်သော အပျိုစင်များနှင့်ဆက်ဆံလိုသော လိင်ဆက်ဆံပျော်ပါးလိုသူများ၏ ဈေးကွက်ကို ဖြည့်ဆည်းရန်အတွက် ကူးသန်းရောင်းဝယ်

3 : "Concluding Observations: Myanmar," *Thirty-sixth session of the UN Committee on the Rights of the Child*, UN Committee on the Rights of the Child, 4 June 2004).

ခံရကြောင်း၊ ထိုသို့ပျော်ပါးလိုသူများသည် လိင်ဆက်ဆံမှုအတွေ့အကြုံမများသေးသော ကလေးအရွယ်များနှင့်ဆက်ဆံပါက အေအိုင်ဒီအက်စ်မကူးစက်နိုင်ဟု ယုံကြည်လေ့ရှိကြောင်း ထိုစစ်တမ်းကဖော်ပြထားသည်။

## ကလေးများကူးသန်းရောင်းခံရသည့်အကြောင်းရင်းအချက်များ

ဆင်းရဲကြပ်တည်းမှုနှင့် အလုပ်အကိုင်မရှိမှု
ပညာရေးနှင့် ဗဟုသုတနိမ့်ကျမှု
နိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေမတူညီခြင်းကြောင့် အခြားနိုင်ငံများတွင်လာရောက်အလုပ်လုပ်ရမှု၊
အမျိုးသမီးငယ်များအကြား တန်းတူပညာရေးမရှိမှုနှင့် အမျိုးသမီးငယ်များအပေါ် တန်းတူတန်ဖိုးထားခြင်းမရှိမှု၊
ခရီးသွားလုပ်ငန်းများတိုးတက်လာသည့်နှင့်အမျှ လိင်ခရီးသွားလုပ်ငန်းတိုးတက် လာမှု၊
လက်နက်ကိုင်ပဋိပက္ခများနှင့် လူ့အခွင့်အရေးချိုးဖောက်မှု၊
သက်ဆိုင်ရာတာဝန်ရှိသူများ၏ လာဒ်စားမှု၊
သက်ဆိုင်ရာအစိုးရများ၏ ကာကွယ်တားဆီးမှုယန္တရားအားနည်းမှု၊
လူကူးသန်းရောင်းဝယ်ခြင်းသည် ကျူးလွန်သူများအတွက် အမြတ်အစွန်းများမှု၊
ကလေးများအပေါ်ထားရှိသည့် မှားယွင်းသည့်အစွဲများရှိစေမှု (ကလေးများနှင့် လိင်ဆက်ဆံပါက ရောဂါမရနိုင်၊ ကလေးများကို ကျွန်အဖြစ်စေခိုင်းခြင်းသည် အပြစ်မရှိ) *Burma Act သင်တန်းမှလေ့လာချက်*

မြန်မာနိုင်ငံရှိ ကလေးကူးသန်းရောင်းဝယ်မှုကို လေ့လာရာတွင် ပြည်တွင်း၌ကူးသန်းရောင်းဝယ်မှုနှင့် ပြည်ပသို့ ပို့ဆောင်ရောင်းဝယ်မှုဟူ၍ နှစ်မျိုးတွေ့ရ၏။ ပြည်တွင်း၌ရောင်းဝယ်မှုဆိုရာတွင် ကျေးလက်ဒေသမှကလေးများကို မြို့ကြီးများ သို့မဟုတ် စီးပွားရေးကောင်းမွန်သော နယ်စပ်ဒေသများသို့ခေါ်ဆောင်၍ဆိုင်များတွင် စားပွဲထိုးများ၊ ကုလီများအဖြစ်ရောင်းချခြင်းများ၊ ကလေးငယ်များကို ကလေးပြည့်တန်ဆာများအဖြစ်စေခိုင်း အသုံးချခြင်းများကိုတွေ့ရသည်။ အချို့ကလေးများကို အတင်းအကြပ်ခေါ်ဆောင်၍ဖြစ်စေ၊ မသိနားမလည်မှုကိုအကြောင်းပြု၍ လိမ်ညာလှည့်ဖျား၍ဖြစ်စေ စစ်တပ်အတွင်းသို့ပို့ဆောင်ကာ ငွေကြေးရယူမှုမှာလဲ ကလေးကူးသန်းရောင်းဝယ်မှုတမျိုးပင်ဖြစ်၏။ ကူးသန်းရောင်းဝယ်ခံရ

သောသူများသည် ယခင်ကဆိုလျှင် တိုင်းရင်းသားလူမျိုးများနေထိုင်သည့်ဒေသများနှင့် ကျေးလက်ဒေသတို့မှအများဆုံးဖြစ်ခဲ့သော်လည်း ယခုအခါတွင် မြို့ပြများမှသူများပါဝင်လာသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံမှ အခြားနိုင်ငံသို့ကူးသန်းရောင်းဝယ်မှုလမ်းကြောင်းကို လေ့လာရာတွင် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဆီသို့ ကူးသန်းရောင်းဝယ်လေ့ရှိကြောင်းတွေ့ရသည်။ အချို့သောအဖြစ်အပျက်များတွင် မြန်မာနိုင်ငံသားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတဆင့် ပါကစ္စတန်နိုင်ငံသို့လည်းကောင်း၊ ထိုင်းနိုင်ငံမှ မလေးရှား၊ စင်ကာပူနှင့် အခြားအနောက်နိုင်ငံများသို့လည်းကောင်း ထပ်မံပို့ဆောင်ကူးသန်းရောင်းဝယ်သည်ကိုလည်းတွေ့ရသည်။ ထူးခြားချက်တခုမှာ တရုတ်နိုင်ငံတောင်ပိုင်းပြည်နယ်များမှ အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးများကို မြန်မာနိုင်ငံမှတဆင့်ဖြတ်ကျော်၍ ထိုင်းနိုင်ငံသို့ ကူးသန်းရောင်းဝယ်သောအဖြစ်အပျက်များကိုလည်း စုံစမ်းတွေ့ရှိရသည်။

## မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ လူကုန်ကူးမှုလမ်းကြောင်းများ

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်ဒေသ (မယ်ဆိုင်၊ မဲဆောက်၊ ရနောင်း၊ ကန်ချနပူရီ) တို့မှတဆင့် မြန်မာအမျိုးသမီးများနှင့် ကလေးများအား ကူးသန်းရောင်းဝယ်မှု၊ ထိုမှတဆင့် မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ တိုင်ဝမ်နှင့် အခြားအနောက်နိုင်ငံများသို့ ကူးသန်းရောင်းဝယ်မှု၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံနယ်စပ် ယူနန်ပြည်နယ်သို့ ကူးသန်းရောင်းဝယ်မှု၊ မြန်မာနိုင်ငံမှ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းတို့မှတဆင့် အိန္ဒိယနိုင်ငံသို့ ကူးသန်းရောင်းဝယ်မှု၊ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုမှတဆင့် ပါကစ္စတန်နှင့် ယူအေအီးနိုင်ငံများသို့တဆင့် ကူးသန်းရောင်းဝယ်မှုတို့ကို လေ့လာတွေ့ရှိရသည်။ *(စာမျက်နှာ ၁၄ မြေပုံသို့)*

## ကူးသန်းရောင်းဝယ်သည့်ရည်ရွယ်ချက်

*လိုင်လုပ်ငန်းများတွင်ပြည့်တန်ဆာအဖြစ်စေခိုင်းရန်အတွက် ကူးသန်းရောင်းဝယ်ခြင်း။*

မြန်မာနိုင်ငံမှ အမျိုးသမီးများနှင့် ကလေးအများစုမှာ အိမ်နီးနားချင်းနိုင်ငံများရှိ ပြည့်တန်ဆာလုပ်ငန်းများတွင် စေခိုင်းရန်အတွက် အများဆုံးကူးသန်းရောင်းဝယ်ခံရသည်ကိုတွေ့ရသည်။ စားဝတ်နေရေးအတွက် ပြင်ပသို့အလုပ်ထွက်ရှာလိုကြသော အမျိုးသမီးငယ်များကို ပြင်ပနိုင်ငံတွင် သက်သက်သာသာနှင့် ဝင်ငွေကောင်းသော အလုပ်များရရှိမည်ဆိုသောဂတိများ၊ လိမ်လည်လှည့်ဖျားမှုများဖြင့် တဖက်နိုင်ငံကိုခေါ်ဆောင်လာပြီး လိင်လုပ်

# မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ လူကုန်ကူးမှုလမ်းကြောင်းများ





ငန်းများတွင်လုပ်ကိုင်ရန်ရောင်းစားခံရသည်။ ထိုအဖြစ်မျိုးကို ထိုင်းနိုင်ငံနေရာအများအပြားနှင့် မြန်မာပြည်နှင့် ထိစပ်နေသော တရုတ်နိုင်ငံ ယူနန်ခရိုင်တို့တွင် အများဆုံးတွေ့နိုင်သည်။ အချို့အမျိုးသမီးငယ်များမှာ ထိုင်းနိုင်ငံမှတဆင့် မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ ထိုင်ဝမ်နှင့် အခြားဥရောပနှင့် အနောက်နိုင်ငံများသို့ နည်းအမျိုးမျိုးဖြင့်ပို့ဆောင်ရောင်းချကာ ပြည့်တန်ဆာလုပ်ငန်းများသို့ သွပ်သွင်းခံရကြောင်း အစီရင်ခံစာများကဆိုသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာအမျိုးသမီးများကို ပါကစ္စတန်နိုင်ငံ၊ ဆော်ဒီအားရေးဗီးယားနိုင်ငံနှင့် ယူအေအီးနိုင်ငံများသို့ ပို့ဆောင်၍ လိင်လုပ်ငန်းများတွင်စေခိုင်းရန် ကူးသန်းရောင်းဝယ်ခံရသည်။[4]

ပြည့်တန်ဆာလုပ်ငန်းများတွင်စေခိုင်းခံရသော အမျိုးသမီးငယ်အများစုမှာ ထိုလုပ်ငန်းများတွင် လုပ်ကိုင်ရမည်ကို ကြိုတင်မသိရှိဘဲ လိမ်လည်လှည့်ဖျားပြီး ရောင်းချခံရသူများဖြစ်သည်။ လိမ်လည်လှည့်ဖျားပြီးခေါ်ဆောင်လာသူများမှာ တစိမ်းလူများထက် သိကျွမ်းဖူးသော မိတ်ဆွေများ၊ ဆွေမျိုးနီးစပ်များဖြစ် နေတတ်ကြပြီး ထိုသူများအပေါ် ယုံကြည်ခဲ့မှုကြောင့် ရောင်းစားခံသူအများစုဖြစ်သည်။ အမျိုးသမီးငယ်များကို လူပွဲစားများက ပြည့်တန်ဆာရုံများထံ အခကြေးငွေဖြင့် ရောင်းစားသွားပြီး ထိုအခကြေးငွေမကျေမချင်း ပြည့်တန်ဆာလုပ်ငန်းများတွင် လုပ်ကိုင်ရလေ့ရှိသည်။ သို့ရာတွင် ထိုရောင်းချသွားသည့်ငွေပမာဏမည်မျှရှိကြောင်း သိခွင့်မရှိပေ။ အများစုမှာ ထိုသို့အကြွေးပြန်ချေနေစဉ် ငွေကြေးတပြားတချပ်မှမရှိသည့်အပြင် ၎င်းတို့သုံးစွဲသည့် အဝတ်အစား၊ အသုံးအဆောင်များအတွက် ကုန်ကျငွေများကို ထပ်မံပေးဆပ်ရသေးသည်။ ထိုသို့ရောင်းချခံရသော အမျိုးသမီးများ ထွက်ပြေးမည်ကိုစိုးရိမ်သည့်အတွက် ထိုအမျိုးသမီးငယ်



4 Images Asia / Belak, B (2002): “Gathering Strength – Women from Burma on their rights” and Terre des Hommes (2002): “Kurzinfo: Kinderhandel in Suedostasien – Myanmar (Burma)”.

များကို ပြင်ပသို့ထွက်ခွင့်လုံးဝမပြုပါ။ ထိုအမျိုးသမီးများမှာ တခြားတိုင်းပြည်တွင် တရားဝင်နေထိုင်ခွင့်မရှိတော့သည့်အတွက် ရဲတပ်ဖွဲ့များတွေ့ပါက ဖမ်းဆီးခံရမည် ဟု အလုပ်ရှင်များက ခြိမ်းခြောက်ထားတတ်လေ့ရှိ၏။

*"ကျမတို့ရွာမှာ ထိုင်းနိုင်ငံဖက်သွားအလုပ်လုပ်ဘူးတဲ့အမျိုးသမီးတွေအများကြီးရှိတယ်။ တယောက်က ကျမအမေနဲ့သိတယ်။ သူက ထိုင်းမှာ စျေးရောင်းရမယ် လခကောင်းတယ်ဆိုလို့အမေကထည့်လိုက်တာ၊ လမ်းစရိတ်ကို ကျမအိမ်က ပေးလိုက်တယ်၊ သူကနောက်လတွေမှာ လခမှန်မှန်ပြန်ပို့ပေးမယ်လို့ပြောသေးတယ်၊ ထိုင်းရောက်တော့ ဒီအခန်းမှာ လာရောင်းသွားတယ်။ နောက်မှသိရတာ ကျမကို ဘတ်လေးသောင်းနဲ့ လာရောင်းသွားတာတဲ့၊ နောက်ပိုင်းသူ့ကို ပြန်မတွေ့ရတော့ဘူး၊ အခုပိုင်ရှင်က ငွေမကျေမချင်း ဒီအလုပ်လုပ်ရမယ်တဲ့၊ ဘယ်တော့ကျေမှန်းလဲမသိ၊ ငြင်းလို့လဲမရ၊ ပြေးလို့လဲ မတတ် ဒုက္ခရောက်တော့တာဘဲ"*

*အသက် ၁၇ နှစ် ရှမ်းအမျိုးသမီး ချင်းမိုင်မြို့။*

### ပင်ပမ်းပြီးလစာနည်းသောလုပ်ငန်းမျိုးတွင်စေခိုင်းရန်အတွက်ကူးသန်းရောင်းဝယ်ခြင်း။

မြန်မာနိုင်ငံမှ အသက်ငယ်သော ကလေးများကို ပင်ပမ်းပြီးလစာနည်းနည်းသာပေးရသောလုပ်ငန်းမျိုးတွင် စေခိုင်းရန်အတွက် ကူးသန်းရောင်းဝယ်လာခြင်းမျိုးကိုလည်း တွေ့နိုင်သည်။ အိမ်ဖော်လုပ်ငန်းများ၊ ပင်ပန်းသည့် ပင်လယ်ထွက်စက်ရုံ၊ အထည်အလိပ်စက်ရုံ၊ ယက္ကန်းရုံများ၊ ဓာတုဗေဒစက်ရုံလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းများ၊ ရော်ဘာ၊ ကြံခင်း၊ နှင်းဆီခင်းနှင့် စိုက်ပျိုးရေးခြံများ၊ မိုင်းနှင့်သတ္တုတူး ဖော်ရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များတွင် စေခိုင်းရန်အတွက် လူကုန်ကူးသူများက မြန်မာပြည်မှ ကလေးများကို သယ်ဆောင်လာလေ့ရှိသည်။ထိုသို့အလုပ်မျိုးမှာ ပြင်ပနှင့်ဆက်ဆံရသောအလုပ်မျိုးမဟုတ်ဘဲ နေအိမ်များ၊ အလုံပိတ်အခန်းများ၊ စက်ရုံများ၊ အခြားလူတို့နှင့် အဆက်အသွယ်မရှိသော မိုင်းများ၊ ငါးဖမ်းလှေများပေါ်တွင် လုပ်ကိုင်ရသည့် အလုပ်မျိုးဖြစ်သည်။ အိမ်ဖော်လုပ်ငန်းများ၊



စက်ရုံလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သတ္တုတွင်း တူးဖော်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ရသော မြန်မာပြည်မှ ကလေးငယ်များကို ထိုင်းနိုင်ငံနယ်စပ်ဒေသများဖြစ်သော မယ်ဆိုင်၊ မဲဆောက်၊ ကန်ချနပူရီ၊ ရတ်ချပူရီ၊ ဖူးခတ်၊ ချင်းမိုင်၊ ချင်းရိုင်နှင့် ရနောင်းခရိုင်များတွင် အများဆုံးတွေ့ရသည်။ မြန်မာနိုင်ငံမှ အမျိုးသမီးငယ်အချို့မှာ အိန္ဒိယနယ်စပ် ပြည်နယ်များတွင် ယက္ကန်းခတ်ရန်အတွက် ကူးသန်းရောင်းဝယ်ခံရကြောင်း သတင်းများရရှိခဲ့ပါသည်။[၅]

အိမ်ဖော်လုပ်ငန်းများတွင် မြန်မာပြည်မှကလေး အများအပြားကို တွေ့ရလေ့ရှိသည်။ လူကုန်ကူးသူက အိမ်ရှင်ထံတွင် ရောင်းချခဲ့ပြီး ထိုရောင်းချခဲ့သော ငွေမကျေမချင်း မိမိတို့လုပ်အားအတွက် အကျိုးခံစားခွင့်မရှိပါ။ အိမ်ဖော်လုပ်သောကလေးအလုပ်သမားများမှာအိမ်အတွင်းနှင့် ခြံအတွင်းတွင်သာနေရလေ့ရှိသောကြောင့် ထိုသူတို့၏အဖြစ်အပျက်များကို အခြားသူများသိရန်မလွယ်လှပါ။ လုပ်ငန်းအခြေအနေမှာ သူတို့လုပ်ကိုင်သော အိမ်ရှင်နှင့် အလုပ်ရှင်အပေါ်တွင်မူတည်၍ ကွဲပြားလေ့ရှိ၏။ သို့သော် အများစုမှာ အလုပ်လုပ်သည့်နေအိမ်များမှ ထွက်ခွာခွင့်မရှိကြချေ။ အချို့မှာ ကျွန်သဖွယ်ဆက်ဆံခံရတတ်ပြီး စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လိင်ပိုင်းစော်ကားမှုမျိုးကိုလဲ ရင်ဆိုင်ကြုံတွေ့ရတတ်ကြ၏။

*"ပွဲစားကလာပို့သွားကတည်းက ပြန်ပေါ်မလာဘူး။ ခြောက်လစာငွေကို သူ့ကို ပေးလိုက်တယ်လို့ နောက်ပိုင်းမှ အိမ်ရှင်ပြောပြတယ်။ သူတို့မပြန်ခိုင်းမချင်း မပြန်ရဘူး၊ ခြောက်လကျော်ရင် လခပေးမယ်ပြောပေမဲ့ နေခဲ့တဲ့ တနှစ်မှာ ဘာလစာမှမရဘူး၊ မနက် လေးနာရီထဲကထ တနေ့လုံး အလုပ်မျိုးစုံလုပ်၊ ထမင်းချက်၊ အဝတ်လျှော်၊ ခွေးစာ၊ ကြောင်စာကျွေး၊ ကလေးထိမ်း၊ အိပ်ယာပြင်၊ ည ၁၁ နာရီလောက်မှအိပ်ရတယ်။ အိမ်ရှင်မက မကျေနပ်ရင် ပါးရိုက်တာတို့၊ ခွေးနဲ့ကိုက်ခိုင်းတာတို့ရှိသေးတယ်။ အိမ်အပြင်ထွက်ရင် ရဲဖမ်းမယ်ဆိုလို့ ဘယ်တော့မှမထွက်ရဘူး။ နောက်ဆုံးတော့ဖြစ်ချင်ရာဖြစ်ဆိုပြီး သူတို့မရှိတုံးခြံကို ကျော်ပြီးထွက်ပြေးလာခဲ့ရတာ"*

*အသက် ၁၄ နှစ် ကရင်အမျိုးသမီး၊ ဘန်ကောက်မြို့*

5 Images Asia / Belak, B (2002): "Gathering Strength – Women from Burma on their rights".

စိုက်ပျိုးရေးခြံများတွင် ရောင်းချခံရသောကလေးများမှာ အများအားဖြင့် ကြံခင်းများ၊ ရော်ဘာခြံများ၊ ဟင်းသီးဟင်းရွက်ခြံများ၊ နှင်းဆီပန်းခြံများတွင် လုပ်ကိုင်ရလေ့ရှိပြီး အန္တရာယ်ရှိသော ပိုးသတ်ဆေးများကို အကာအကွယ်မဲ့ကိုင်တွယ်ပြီး အလုပ်လုပ်ရတတ်သည်။ အချို့ကလေးငယ်များမှာ အခြားနိုင်ငံသို့တရားမဝင်ခိုးဝင်ပြီး ငါးဖမ်းသော ပင်လယ်ငါးဖမ်းလှေများသို့ ရောင်းချခံရသည်။ ထိုကလေးများအဖို့ ပိုက်ကွန်သယ်ခြင်း၊ ပိုက်ချခြင်း၊ ငါးရွေးခြင်း၊ ငါးပုံးသယ်ခြင်းစသည့် ပင်ပန်းလှသောအလုပ်ကြမ်းများကို လုပ်ကိုင်ရင်းသေဆုံးသွားမှုများ၊ ပျောက်ဆုံးသွားမှုနှင့် အဆုံးသတ်သွားကြရရှာသည်။[၆]

*"ကျွန်တော် မလေးလှေလိုက်တုန်းက လှေပေါ်မှာ အသက် ၁၄ နှစ်လောက်ရှိတဲ့ မွန်ကလေးနှစ်ယောက်ပါလာတယ်။ ထိုင်းကိုလာရင်း ရဲဖမ်းပြီးအချုပ်ထဲရောက်သွားတယ်။ ပြန်ထွက်လာတော့ ထောင်ထဲကသူ့အသိက အလုပ်ရှာပေးမယ်ဆိုပြီး လှေမှာလာရောင်းသွားတယ်လို့ ပြောတာလဲ၊ သနားစရာတော်တော်ကောင်းတယ်။ ငွေပေးဝယ်ထားတယ်ဆိုတော့ ပဲ့နင်းကသူတို့ကိုတော်တော်ရက်ရက်စက်စက်ခိုင်းတယ်။ ကျနော်တို့ကသနားလို့ကူလုပ်ပေးလဲ ကိုယ်အလုပ်နဲ့ကိုယ်ဆိုတော့ သိပ်မလုပ်ပေးနိုင်ဘူး။ လှေနှစ်လကျော်ထွက်လို့ ကျနော်တို့လစာထုတ်ရောသူတို့တပြားမှမရဘူး။ ငိုမဲ့မဲ့နဲ့ထွက်သွားတာ အခုထိပြန်မတွေ့တော့ဘူး။"*

*ထားဝယ်လှေသမားတဦး၊ ရနောင်းမြို့။*

## *သူတောင်းစားများအဖြစ်စေခိုင်းရန် ကူးသန်းရောင်းဝယ်ခြင်း။*

ဘန်ကောက်မြို့နှင့် ထိုင်းနိုင်ငံရှိမြို့ကြီးများတွင် သူတောင်းစားများအဖြစ်လုပ်ကိုင်ရန် ကလေးများကို ကူးသန်းရောင်းဝယ်မှုသည် ယခုနှစ်များအတွင်း ပိုမိုများပြားလာသလို ထိုကလေးများထဲတွင် မြန်မာပြည်မှကလေးများ၊ အထူးသဖြင့် မြန်မာပြည်ပေါက် အိန္ဒိယနွယ်ဖွားကလေးများ ပါဝင်လျက်ရှိသည်ကိုတွေ့ရသည်။ လမ်းပေါ်တောင်းစားမှုတွင် ပုံစံအမျိုးမျိုးဖြင့်တွေ့နိုင်သည်။ အများစုမှာလူစည်ကားသည့် နေရာများဖြစ်သော ဈေး၊ ကားဂိတ်များတွင် ပိုက်ဆံတောင်းစားလေ့ရှိသည်။ ထိုကလေးများကို ဂိုဏ်းသားများက အမြဲမပြတ်စောင့်ကြပ်နေလေ့ရှိပြီး သတ်မှတ်ထားသော ငွေပမာဏမရပါက ရိုက်နှက်ခြင်း၊ အစားအစာမကျွေးဘဲထားခြင်းတို့ကို ရင်ဆိုင်ရလေ့ရှိသည်။ ထိုကလေးအများစုမှ အသက် (၆)နှစ်မှ

6. ILO / Wille, C. (2001): "Trafficking in children into the worst forms of child labour – A rapid assessment".

(၁၀)နှစ် အရွယ်အတွင်းဖြစ်လေ့ရှိ၏။ အကယ်၍ဒေသဆိုင်ရာ စကားများကို အနည်းအကျဉ်းတတ်မြောက်လာပြီဆိုပါက ထိုကလေးမျိုးကို ကားဂိတ်များ၊ ကားရပ်နားသည့်နေရာများ၊ စားသောက် ဆိုင်များတွင် မျက်နှာသုတ်စက္ကူများ၊ ပန်းများလိုက်လံရောင်းချခိုင်းလာတတ်သည်။ ထိုကလေးမျိုးမှာ ဂိုဏ်းအဖွဲ့များ၏စောင့်ကြပ်မှုဖြင့် လုပ်ကိုင်နေရလျက်ရှိပြီး တောင်းခံရရှိ သောငွေများအားလုံးကို ထိုဂိုဏ်းခေါင်းဆောင်များထံ ပြန်လည်အပ်နှံရသည်။ ညအချိန်တွင် စားသောက်ဆိုင်များ၌ ပန်းများလိုက်လံရောင်းချခိုင်းခံရသော ကလေးများကို တခါတရံ မူးယစ်ဆေးဝါးများတိုက်ကျွေး၍ စေခိုင်းခြင်းမျိုးလဲရှိ၏။ ထိုလုပ်ငန်းလုပ်သော မိန်းကလေးငယ် များမှာ ဧည့်သည်များ၏ လိင်ပိုင်းဆိုင်ရာအသားယူမှု၊ စော်ကားမှုတို့ကို ကြုံရတတ်ကြောင်းသိရသည်။



*“သားကို အိမ်ကနေ အလုပ်ခိုင်းမယ်လို့ပြောပြီးခေါ်လာတာ။ အဖေကမရှိတော့ဘူး၊ အမေ့ကို ဒီဦးလေးက ငွေပေးခဲ့တယ်ပြောတာဘဲ။ လမ်းမှာ သူ့သားလို့ပြောလာတယ်။ ဘန်ကောက်ရောက်တော့ အခြားကလေးတွေနဲ့အတူထားပြီး လမ်းပေါ်မှာတောင်းစားခိုင်းတယ်၊ တနေ့ကို ဘတ်သုံးရာရအောင်တောင်းရမယ်တဲ့၊ မရရင် အသုံးမကျဘူးဆိုပြီး အဝတ်လျှမ်းချိတ်နဲ့ရိုက်တယ်။ ညနေစာထမင်းလဲမကျွေးဘူး၊ ပိုက်ဆံနည်းနည်းရရင် သူတို့က လာသိမ်းတယ်၊ မအိပ်ရဘူး၊ မဆော့ရဘူးဆိုပြီး အဝေးကစောင့်ကြည့်တယ်။ အိမ်ပြန်ချင်တယ်ပြောရင်လဲ ရိုက်တယ်။”*

*ကိုးနှစ်အရွယ်ရှိသော မြန်မာ–မွန်လင်ကလေး၊ ဘန်ကောက်မြို့။*

လမ်းပေါ်တွင် နည်းအမျိုးမျိုးဖြင့်စေခိုင်းခံရသော ထိုကလေးအမျိုးအစားများကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံရွှေလီနှင့် ယူနန်ပြည်နယ်၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့တွင် တွေ့နိုင်သည်။ အချို့ကလေးများမှာ တောင်းစားခိုင်းယုံသာမကဘဲ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချသည့်လုပ်ငန်းများတွင်အသုံးချခံရသည်ကိုတွေ့ရသည်။ တချို့သည်ကလေးသူတောင်းစားများဘဝမှ ကလေးပြည့်တန်ဆာများအဖြစ်သို့ ပြောင်းလွဲရောက်ရှိသွားသည့် အဖြစ်အပျက်များလဲတွေ့နိုင်သည်။

ကုလားအုပ်စီးသူဂျော်ကီများအဖြစ်စေခိုင်းရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာကလေးငယ်များကို ကူးသန်းရောင်းဝယ်မှုရှိကြောင်း အချို့အစီရင်ခံစာများကဆိုပါသည်။[7] ကလေးများ၏ကိုယ်ခန္ဓာပေါ့ပါးသောကြောင့် မြင်းများ၊ ကုလားအုပ်များပိုမို လျင်မြန်စွာ ပြေးနိုင်ရန်အတွက် ကလေးများကို ပစ်မှတ်ထားလေ့ကျင့်ပေးပြီး ပါဝင်ယှဉ်ပြိုင်ပေးခြင်းဖြစ် ကြောင်းသိရသည်။

## *သတို့သမီးအဖြစ်လက်ထပ်ရန် ကူးသန်းရောင်းဝယ်ခြင်း။*

မြန်မာပြည်မှအမျိုးသမီးငယ်များကို ဇနီးမယားအဖြစ်ပေါင်းသင်းယူရန် ကူးသန်းရောင်းဝယ်သည့်အဖြစ်မျိုးကို တရုတ်နိုင်ငံရှိ ပြည်နယ်များတွင် အများဆုံးတွေ့ရသည်။ တရုတ်အစိုးရသတ်မှတ်ခဲ့သောမိသားတစုလျှင် ကလေးတဦးယူရမည်ဆိုသည့် မိသားစုစီမံကိန်းကြောင့် လက်ရှိတရုတ်ပြည်နယ်အချို့တွင် လက်ထပ်ယူရန် အမျိုးသမီးများ ရှားပါးစေလျက်ရှိသည်။ ထိုပြည်နယ်များမှ အမျိုးသားများသည် ပွဲစားများကတဆင့် အခြားနိုင်ငံများမှ အမျိုးသမီးငယ်များကို လက်ထပ်ယူရန် ရှာဖွေခိုင်းရာမှ ထိုလမ်းကြောင်းပေါ်ပေါက်လာခဲ့ရသည်။[8] သတို့သမီးအဖြစ် ဝယ်ယူလိုသူများသည် အသက်(၁၈)နှစ်အောက်ရှိသော အမျိုးသမီးငယ်များကို ပိုမိုဈေးကောင်းပေးဝယ်ယူလေ့ရှိသဖြင့် လူပွဲစားများသည် အရွယ်မရောက်သေးသည့်ကလေးများကို ပိုမိုဦးစားပေး၍ ရှာဖွေလေ့ရှိသည်။ တရုတ်ပြည်တွင်သာမကဘဲ ထိုင်းနိုင်ငံတွင်လည်း မြန်မာပြည်မှ အမျိုးသမီးငယ်များကို အိမ်တွင်းအလုပ်များစေခိုင်းရန် သွေးဆောင်ဖျားယောင်း၍ လက်ထပ်မှုများရှိကြောင်းသိရသည်။



*“ယင်ကျန်းမှာရှိတဲ့အဲဒီအိမ်မှာ ကျမတို့သုံးလေးရက်နေကြတယ်၊ တနေ့မှာလူစိမ်းတယောက်လာတယ်၊ — သူက ဆိုင်ပိုင်ရှင်ဘဲလိုက်သွားလို့ပြောတယ်၊ ကျမတို့ယင်ကျန်းကနေ ရထားစီးပြီးထွက်လာခဲ့ကြတယ်။ သုံးရက်ကြာတော့ ရွာတစ်ရွာကိုရောက်ပြီး သူကသူ့အိပ်ခန်းထဲကို ဝင်လာဖို့ပြောတယ်၊ သူက ကျမဟာသူ့မိန်းမဘဲလို့ပြောတယ်။ ကျမကငြင်းတော့ သူက ကျမအတွက် ပိုက်ဆံပေးခေါ်လာရတာတဲ့၊ ပြီးတော့ သူ့မယားအဖြစ်ပြုကျင့်တော့တာဘဲ”*

*ကချင်အမျိုးသမီး တရုတ်မြန်မာနယ်စပ်*[9]

7 ILO – IPEC (2002): “Rapid assessment on trafficking children for exploitative employment in Bangladesh”.
8 Save the Children UK / Caouette, T. (2001?): “Small dreams beyond reach – The lives of migrant children and youth along the boarders of China, Myanmar and Thailand”.
9. Kachin Women Association in Thailand (2005): “Driven Away”

*တရားမဝင်မွေးစားရန်အတွက် ကူးသန်းရောင်းဝယ်ခြင်း။*

မြန်မာပြည်မှကလေးများနှင့် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများမှ ကလေးများကို ထိုင်းနိုင်ငံမှတဆင့် မလေးရှားနိုင်ငံရှိ ကလေးမွေးစားလိုသူများထံ ကူးသန်းပို့ဆောင်ရောင်းချသည့်အဖြစ်အပျက်များကို ၂၀၀၅ ခုနှစ်အတွင်းမှ စတင်ဖော်ထုတ်လာနိုင်ခဲ့သည်။

## ကလေးကူးသန်းရောင်းဝယ်မှုနှင့် မြန်မာနိုင်ငံဥပဒေ

ကလေးကူးသန်းရောင်းဝယ်မှုအပါအဝင် လူကုန်ကူးသန်းရောင်းဝယ်မှုနှင့်သက်ဆိုင်သော မြန်မာနိုင်ငံဥပဒေမှာ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သည့် "လူကုန်ကူးသန်းရောင်းဝယ်ခြင်းတားဆီးသည့်ဥပဒေ"ပင်ဖြစ်သည်။ ထိုဥပဒေထဲတွင် အမျိုးသမီးများ၊ ကလေးများနှင့် လူငယ်များအား ကူးသန်းရောင်းဝယ်ခြင်းကို တားဆီးနှိမ်နင်းရန် အထူးအလေးထားလုပ်ဆောင်သွားမည်ဟုဖော်ပြထား၏။ ထိုဥပဒေအရ ကလေးဆိုသည်မှာ အသက်(၁၆)နှစ်မပြည့်သေးသောသူများကိုဆိုလိုပြီး လူငယ်ဆိုသည်မှာ အသက်(၁၆)နှစ်ပြည့်ပြီးသော်လည်း အသက်(၁၈)နှစ်မပြည့်သေးသောသူများကို ဆိုလိုသည်။

ထိုဥပဒေအရ–

*လူကုန်ကူးမှုဆိုသည်မှာ လူတဦးဦးက အခြားလူတယောက်ကို ထိုသူသဘောတူညီသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ခေါင်းပုံဖြတ်အမြတ်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အခွင့်အာဏာကိုအလွဲသုံးစားပြုခြင်း၊ သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အခွင့်ကောင်းယူ၍ အလွဲသုံးစားလုပ်ခြင်း၊ ထိုသူအပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းများပြုလုပ်၍ လူများကိုသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းဟု ဆိုလိုသည်။*

ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းဆိုသည်မှာ ကာမဆိုင်ရာကိစ္စပြုလုပ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ သူတစ်ပါးခန္ဓာကိုယ်အစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း။ ရောင်းချခြင်းကိုဖြစ်စေပြုရာမှ ငွေကြေးကိုသော်လည်းကောင်း။ အကျိုးအမြတ်

ကိုသော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန်သဘောတူခြင်းပါဝင်သည်။

ထိုဥပဒေ၏ ရည်ရွယ်ချက်များထဲတွင်

လူကုန်ကူးမှုကိုတားဆီးကာကွယ်ရာတွင် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် လူငယ်များကို အထူးအလေးထားကာကွယ်စောင့်ရှောက်ရန်၊ လူကုန်ကူးမှုကျူးလွန်သူများကို ထိရောက်မြန်ဆန်စွာစုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်နှင့် လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်တို့ပါဝင်သည်။

ထိုဥပဒေအရ အစိုးရသည် လူကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း လုပ်ဆောင်ရန် တာဝန်ရှိသည်။

- လူကုန်ကူးခံရသူသော အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များ၏ ဂုဏ်သိက္ခာကို မထိခိုက်ရန်၊
- ယင်းတို့၏ဂုဏ်သိက္ခာများနှင့် မည်သူမည်ဝါဖြစ်ကြောင်း သိသာထင်ရှားစေခြင်းကို အထူးကာကွယ်စောင့်ရှောက်ရမည့်အပြင် လိုအပ်သော လုံခြုံမှုနှင့်အကူအညီများကို ပေးရမည်။
- သက်ဆိုင်ရာတရားရုံးသည် လူကုန်ကူးခံရသောအမှုကို စစ်ဆေးစီရင်ရာတွင် အများပြည်သူရှေ့တွင်မဟုတ်ဘဲ သီးသန့်ရုံးခန်းတွင် စစ်ဆေးစီရင်ရမည်၊
- လူကုန်ကူးမှုနှင့်ပတ်သက်၍ တရားရေးအကူအညီရအောင်လုပ်ဆောင်နေသည့်ကာလအတွင်းတွင်လူကုန်ကူးခံရသူအမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များ၏လုံခြုံမှုနှင့် အခြားလိုအပ်သည့်ကာကွယ်စောင့်ရှောက်မှု အစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးရမည်။
- လူကုန်ကူးခံရသူက မိမိ၏နစ်နာချက်အတွက် တရားစွဲဆိုရာတွင် လိုအပ်ပါက ရှေ့နေငှားရမ်းပေးခြင်း၊ စကားပြန်စီစဉ်ပေးခြင်းများလုပ်ပေးရမည်။
- လူကုန်ကူးမှုဆိုင်ရာ စုံစမ်းတွေ့ရှိမှု၊ တရားစွဲဆိုမှုနှင့် တရားစီရင်မှုဆိုင်ရာ သတင်းများကို သက်ဆိုင်ရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ သတင်းဖြန့်ချိရမည်။

- လူကုန်ကူးခံရသူအား ဥပဒေပါ ပြစ်မှုတခုခုဖြင့် အရေးယူခြင်းမပြုရ။
- ပြည်ပနိုင်ငံတွင် ရောက်ရှိနေသော လူကုန်ကူးခံရသူ မြန်မာနိုင်ငံသားများအတွက် လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုများ စီစဉ်ဆောင်ရွက်ပေးရေးနှင့် မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်ရေးတို့အတွက် ပြည်ပနိုင်ငံများတွင်ရှိသော မြန်မာသံရုံးများမှ တာဝန်ရှိသူများသည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ညှိနှိုင်း ဆောင်ရွက်ပေးရမည်။
- ထိုသူတို့အတွက် အကောင်းဆုံး အခြေအနေဖြစ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ရန်ဆောင်ရွက်ပေးရမည်၊
- မိဘသို့မဟုတ်အုပ်ထိန်းသူထံပြန်လည်ပို့ဆောင်ရန် အခြေအနေမပေးသည့်အခါတွင်ဖြစ်စေ၊ ပြန်လည်ပို့ဆောင်ရန်မသင့်လျော်သောအခြေအနေရှိသည့်အခါတွင်ဖြစ်စေ အခြားသင့်လျော် လုံခြုံစိတ်ချရသည့် ကာကွယ် စောင့်ရှောက်မှုများကို စီစဉ်ပေးရမည်။
- လူကုန်ကူးခံရသူများ ယာယီနေထိုင်ရန် လုံခြုံမှုရှိသောနေရာ သို့မဟုတ် သင့်လျော်သည့် နေအိမ်စီစဉ်ပေးရမည်။
- အသက်အရွယ်နှင့် ရင့်ကျက်မှုအလိုက် ဆန္ဒကိုလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာရွေးချယ်ခွင့်များကို အလေးထားစီစဉ်ဆောင်ရွက်ပေးရမည်။
- ထိုသူများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်း၊ ပညာရေးနှင့်ကျွမ်းကျင်မှုအခြေခံသော အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊ ထိုသူတို့၏ သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းတို့ကို အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်။

ထို့ပြင် လူကူးသန်းရောင်းဝယ်မှုတွင်ပါဝင်ကျူးလွန်သူများကို အောက်ပါအတိုင်း ပြစ်ဒဏ်များချမှတ်နိုင်သည်။

မည်သူမဆို ဥပဒေပါပြစ်မှုတခုခုကို ကျူးလွန်ရန်ပြင်ဆင်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်းပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရန် သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း တစ်ခုခုပြုလုပ်လျှင်ဖြစ်စေ အမှုတွင်အကြုံးဝင်သည်။

မည်သူမဆို အမျိုးသမီးများ။ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ထောင်ဒဏ်(၁၀)နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များမှအပ အခြားသူတစ်ဦးကို လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ထောင်ဒဏ်(၅)နှစ်မှ အများဆုံးထောင်ဒဏ်(၁၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

မည်သူမဆို လူကုန်ကူးမှုကျူးလွန်ရန်အတွက် လိမ်လည်လှည့်ဖြား၍ သူတစ်ဦးဦးအားမွေးစားခြင်း သို့မဟုတ် ထိမ်းမြားလက်ထပ်ခြင်း သို့မဟုတ် လူကုန်ကူးခံရသူကို ပြည်ပထွက်ခွာနိုင်ရန်ဖြစ်စေ၊ ပြည်တွင်းသို့ဝင်ရောက်နိုင်ရန်ဖြစ်စေ လိုအပ်သောစာရွက်စာတမ်းအထောက်အထား၊ တံဆိပ်များကိုအတုပြုလုပ်ခြင်း သို့မဟုတ် တရားမဝင်ရယူပေးခြင်းတို့ကျူးလွန်ပါက ထိုသူကို အနည်းဆုံးထောင်ဒဏ်(၅)နှစ်မှ အများဆုံး ထောင်ဒဏ်(၁၀) နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

မည်သည့်ပြည်သူ့ဝန်ထမ်းမဆို လူကုန်ကူးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ စစ်ဆေးစီရင်ခြင်းပြုရာတွင် မမှန်မကန်လာဒ်စားပါက အနည်းဆုံး ထောင်ဒဏ်(၃)နှစ်မှ အများဆုံးထောင်ဒဏ်(၇)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## ကလေးကူးသန်းရောင်းဝယ်မှုနှင့် ထိုင်းနိုင်ငံဥပဒေ

အမျိုးသမီးများနှင့်ကလေးများအား ကူးသန်းရောင်ဝယ်မှုနှင့်ပတ်သက်၍ ထိုင်းနိုင်ငံတွင်ရှိသော ဥပဒေမှာ“၁၉၉၇ ခုနှစ် အမျိုးသမီးများနှင့်ကလေးများအား ကူးသန်းရောင်းဝယ်မှုတားဆီးနှိမ်နင်းရေးလုပ်ဆောင်ချက်ဥပဒေ”ဖြစ်သည်။ ထိုဥပဒေအရ ကလေးဆိုသည်မှာ အသက် (၁၈)နှစ်အောက်ရှိသူဖြစ်သည်။ ထိုဥပဒေ၏ အပိုဒ်(၅)တွင် အမျိုးသမီးများနှင့် ကလေးများကို သူတို့ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အခြားလူတယောက်အတွက် လိင်အလုပ်လုပ်ရန်၊ မကောင်းသောလိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်တွင် အသုံးပြုရန်နှင့် တရားမဝင်အမြတ်အစွန်းရရှိစေရန်အတွက်ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ကုန်သွယ်ခြင်း၊ သယ်ယူပို့ဆောင်ခေါ်ယူခြင်း၊ လက်ခံခြင်း၊ ချုပ်နှောင်ထားရှိခြင်းနှင့် သိုလှောင်ထားခြင်းသည် ကူးသန်းရောင်းဝယ်မှုမြောက်သည်ဟု ဆိုထားသည်။

ထိုဥပဒေအရ ထိုင်းအစိုးရသည် လူကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်းလုပ်ဆောင်ရန် တာဝန်ရှိသည်။

အာဏာပိုင်များအနေဖြင့် လူကုန်ကူးခံရသည်ဟု သံသယရှိသော အမျိုးသမီးများနှင့် ကလေးများကို တားဆီးနိုင်အောင် လုပ်ဆောင်ရာနှင့် ကယ်ဆယ်ရာတွင် ထိုသူများကို စစ်ဆေးရန်နှင့် အထောက်အထားစာရွက်စာတမ်းများရှာရန်ရည်ရွယ်ချက်ဖြင့် ထိမ်းသိမ်းထားနိုင်သော်လဲ ထိုထိမ်းသိမ်းချိန်သည် နာရီဝက်ထက်ပိုမကြာစေရ။ အကယ်၍ အချိန်ပိုမိုလိုအပ်မည်ဖြစ်ပါက တရားဝင်မှတ်တမ်းတင်ပြီး ဘန်ကောက်ရဲတပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာပြည်နယ်ဝန်ထံအကြောင်းကြားရမည်။ ၂၄ နာရီထက် ပိုမိုထိမ်းသိမ်းခြင်းမပြုရ။ အထူးလိုအပ်ချက်အရ ၂၄ နာရီထက်ပိုမိုကြာမြင့်မည်ဆိုပါက ဘန်ကောက်ရဲတပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာပြည်နယ်ဝန်၏ ခွင့်ပြုချက်ဖြင့် (၁၀) ရက်ထက်မပိုဘဲ ထိမ်းသိမ်းနိုင်သည်။ ထိုသို့ထိမ်းသိမ်းရာတွင် ထိုသူများကို အချုပ်ခန်း သို့မဟုတ် ထောင်အတွင်းတွင် ထိမ်းသိမ်းခြင်းမဟုတ်ဘဲ သင့်လျော်သောနေရာတွင်ထားရှိရမည်။ အာဏာပိုင်များသည် ထိုသူများကို အစားအစာများ၊ ခိုလှုံစရာများ နေရပ်တိုင်းပြည် သို့မဟုတ် နေအိမ်သို့ပြန်လည်နိုင်ရန် အကူအညီများပံ့ပိုးပေးရမည်။ ထိုသို့အကူအညီများပေးရန်အတွက် ထိုအမျိုးသမီးနှင့် ကလေးများကို ပြည့်တန်ဆာတားဆီးတိုက်ဖျက်ရေး ဥပဒေအရ ဖွင့်လှစ်ထားသော ကာကွယ်ရေးဂေဟာများ၊ ကလေးသူငယ်များလုံခြုံရေးနှင့် ဘဝသာယာရေးဥပဒေဖြင့် ဖွင့်လှစ်ထားသော ကလေးဂေဟာများ သို့မဟုတ် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့များက ဖွင့်လှစ်ထားသော လူမှုကူညီရေးဌာနများတွင် ထားရှိရမည်။

လူကူးသန်းရောင်းဝယ်ခံရသော အမျိုးသမီးများနှင့် ကလေးများသည် နိုင်ငံခြားတိုင်းပြည်မှဖြစ်ပါက ထိုသူတို့နေရပ်တိုင်းပြည်သို့ပြန်နိုင်အောင်လုပ်ဆောင်ရာတွင် ထိုတိုင်းပြည်နှင့်သဘောတူလက်မှတ်ရေးထိုးထားသောသဘောတူစာချုပ်ပါအတိုင်း သို့မဟုတ် ထိုင်းနိုင်ငံက လက်မှတ်ရေးထိုးထားသော စာချုပ်အတိုင်း ကိုင်တွယ်လုပ်ဆောင်ပေးရမည်။

ထို့ပြင် အမျိုးသမီးများနှင့် ကလေးငယ်များအား အထက်ပါအခိုပ္ပါယ်ဖွင့်ဆိုချက်အတိုင်း ကျူးလွန်သူများကို ဤဥပဒေအရ ထောင်ဒဏ်အများဆုံး (၅) နှစ်ထက်မကျော်ဘဲဖြစ်စေ ဒဏ်ငွေ တသောင်းထက်မကျော်ဘဲဖြစ်စေ၊ ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်မျိုးလုံးဖြစ်စေ အပြစ်ပေးနိုင်သည်။

## ကလေးကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်သည့် နိုင်ငံတကာ သဘောတူစာချုပ်များ

### ကလေးသူငယ်များအခွင့်အရေးဆိုင်ရာစာချုပ်

### UN Convention on the Rights of the Child

မြန်မာနိုင်ငံကလက်မှတ်ရေးထိုးထားသော ယခုစာချုပ်၏ အပိုဒ် (၁၁) နှင့် (၃၅) တို့တွင် ကလေးများကို ကူးသန်းရောင်းဝယ်မှုမှ ကာကွယ်ပေးခြင်းနှင့်ပတ်သက်၍ ရေးသားထား၏။ အပိုဒ် (၁၁) တွင် အစိုးရများအနေဖြင့် ကလေးများအား နိုင်ငံခြားသို့ပြန်လမ်းမရှိသယ်ဆောင်ခြင်းမှ ကာကွယ်ပေးရန်တာဝန်ရှိကြောင်း ဆိုထားသည်။ ထို့ပြင် အပိုဒ် (၃၅)တွင်လဲ ကလေးများအား မည်သည့်နည်းလမ်း၊ မည်သည့်ရည်ရွယ်ချက်အတွက်ဖြစ်ဖြစ် ပြန်ပေးဆွဲခြင်း၊ ရောင်းချခြင်း၊ကူးသန်းရောင်းဝယ်ခြင်းတို့မဖြစ်အောင် နိုင်ငံတော်အတွင်း၊ နိုင်ငံများအကြားနှင့် နိုင်ငံတကာအလိုက် လိုအပ်သော လုပ်ဆောင်မှုများလုပ်ဆောင်ရမည်ဟုဆိုထားသည်။

## ကလေးများ အခွင့်အရေးဆိုင်ရာစာချုပ် ကလေးများအားရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးညစ်ညမ်းစာပေများဆိုင်ရာ နောက်ဆက်တွဲစာချုပ်

### Optional Protocol to the Convention on the Rights of the Child on the sale of children, child prostitution and child pornography

ယခုနောက်ဆက်တွဲစာချုပ်သည် အမျိုးသမီးများနှင့် ကလေးများအား ကူးသန်းရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ပိုမိုအသေးစိတ်ဖော်ပြထားသည်။ ကလေးများအားရောင်းချရန်၊ ကလေးပြည့်တန်ဆာအဖြစ်စေခိုင်းရန်နှင့် ကလေးညစ်ညမ်းစာပေများတွင် အသုံးချရန်အတွက် ကလေးများကို ကူးသန်းရောင်းဝယ်မှုသည် နိုင်ငံတကာတွင် တိုးတက်များပြားလာကြောင်းဆိုထားသည်။

### နိုင်ငံများအကြားစီမံဆောင်ရွက်နေသည့်ရာဇဝတ်မှုများကို တားဆီးခြင်းဆိုင်ရာ ကုလသမဂ္ဂစာချုပ် လူကူးသန်းရောင်းဝယ်မှု အထူးသဖြင့် အမျိုးသမီးများနှင့်ကလေးများကို ကူးသန်းရောင်းဝယ်မှု တားဆီးရေး၊ နှိမ်နှင်းရေးနှင့် အပြစ်ပေးမှုဆိုင်ရာ နောက်ဆက်တွဲစာချုပ် (ပါလာမိုစာချုပ်)

**Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children, Supplementing the United Nations Convention Against Transnational Organized Crime, UN Convention (Palermo Protocol)**

ယခုစာချုပ်သည် နိုင်ငံများအကြားဖြစ်ပေါ်နေသည့် အမျိုးသမီးနှင့် ကလေးများအား ကူးသန်းရောင်းဝယ်မှုကိုနိုင်ငံအစိုးရများအနေဖြင့် အရေးယူဆောင်ရွက်ကြရန်အတွက် ပေါ်ပေါက်လာသော စာချုပ်ဖြစ်သည်၊ လူကူးသန်းရောင်းဝယ်မှုကို ကျူးလွန်နေကြသော သူများသည် တနိုင်ငံထဲတွင်ရှိနေခြင်းမဟုတ်ဘဲ တနိုင်ငံထက်ပိုပြီးတည်ရှိနေကြသဖြင့် ထိုသူများကို နှိမ်နှင်းအရေးယူရာတွင် နိုင်ငံအစိုးရများအနေဖြင့် ပူးပေါင်းလုပ်ဆောင်မှုများ လိုအပ်သည်။ ထိုသူများကို စုံစမ်းဖော်ထုတ်ခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် နိုင်ငံများအကြား လူကူးသန်းရောင်းဝယ်မှုကိုတားဆီးသည့် အစီအစဉ်များကို ပူးတွဲလုပ်ဆောင်ရန်၊ ကူးသန်းရောင်းဝယ်ခံရသူများကိုကူညီပေးရန် စာချုပ်အဖွဲ့ဝင်များအနေဖြင့် တာဝန်ရှိသည်။ ထိုစာချုပ်သည် လူကူးသန်းရောင်းဝယ်ခံရသူများ၏ အခွင့်အရေးများထက် လူကူးသန်းရောင်းဝယ်သူများကို အပြစ်ပေးအရေးယူသည့်အချက်နှင့် ပိုမိုသက်ဆိုင်သော ရာဇဝတ်မှုဆိုင်ရာစာချုပ်ဖြစ်၏။ ၂၀၀၆ ခုနှစ်အထိ အတည်ပြုလက်မှတ်ရေးထိုးထားသော အရှေ့တောင်အာရှနိုင်ငံများမှာ မြန်မာ၊ လာအို၊ ဖိလစ်ပိုင်တို့ဖြစ်ပြီး ပဏာမလက်မှတ်ရေးထိုးထားသောနိုင်ငံများမှာ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။

မြန်မာနိုင်ငံသည် ယခုစာချုပ်ကို ၂၀၀၄ခုနှစ် မတ်လ (၂၀) ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

*အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ အဆိုးဝါးဆုံးကလေး လုပ်အားစေခိုင်းမှုဆိုင်ရာ သဘောတူစာချုပ်အမှတ် (၁၈၂)– ၁၉၉၉ခုနှစ် Convention on the Worst Forms of Child Labour, ILO Convention 182, 1999* ၁၉၉၉ ခုနှစ်က ပေါ်ပေါက်ခဲ့သော အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ အဆိုးဝါးဆုံးကလေး လုပ်အားစေခိုင်းမှုဆိုင်ရာ သဘောတူစာချုပ်အမှတ် (၁၈၂)သည် ကမ္ဘာပေါ်ရှိ အဆိုးဝါး ဆုံးသောကလေးလုပ်အား စေခိုင်းမှုကို တိုက်ဖျက်ရန်ရည်ရွယ်ထားသော စာချုပ်ဖြစ်သည်။ ထိုစာချုပ်၏ အပိုဒ် (၃)တွင် ကလေးများကိုကူးသန်းရောင်းဝယ်ခြင်းသည် အဆိုးဝါးဆုံး ကလေးလုပ်အားစေခိုင်းမှု ဖြစ်သည်ဟု အတိအလင်းဖော်ပြထားသည်။

## ကလေးကူးသန်းရောင်းဝယ်ရေးပပျောက်ရန်လုပ်ဆောင်နိုင်သည့်လုပ်ငန်းများ

- လူကူးသန်းရောင်းဝယ်မှုအဖြစ်များသော ဒေသများတွင် ပညာသင်ကြားနိုင်မှု အခြေအနေတိုးတက်အောင်လုပ်ဆောင်ခြင်းနှင့် အသုံးဝင်မည့်သက်မွေးဝမ်းကြောင်းပညာများသင်ကြားပေးခြင်း၊

- ဝင်ငွေတိုးတက်နိုင်မည့် စီးပွားရေးအခွင့်အလမ်းများကို ထူထောင်ပေးခြင်း၊
- အခြားနေရာသစ်များသို့သွားရောက်လုပ်ကိုင်လျှင် ကြုံတွေ့နိုင်မည့်အန္တရာယ်များနှင့် အကူအညီလိုအပ်ပါက တောင်းခံနိုင်သော နေရာများအကြောင်းကို ကြိုတင်အသိပေးခြင်း၊
- မွေးစာရင်း၊ နိုင်ငံသားမှတ်ပုံတင်နှင့်လက်ထပ်စာချုပ်များကို စနစ်တကျမှတ်တမ်းတင်ထားခြင်း၊
- ရပ်ရွာလူထုအကြား လူကူးသန်းရောင်းဝယ်မှုအကြောင်းသတိထားမိစေရန်နှင့် ဝိုင်းဝန်းတားဆီးလိုစိတ်များဖြစ်ပေါ်လာအောင် အသိအမြင်များပြောင်းလဲရန် လုပ်ဆောင်ခြင်း၊
- အမျိုးသမီးနှင့်ကလေးကူးသန်းရောင်းဝယ်မှုအကြောင်းကို ကျောင်းသင်ခန်းစာများမှတဆင့် သင်ကြားပို့ချပေးခြင်း၊
- ရပ်ရွာလူထုအတွင်းတာဝန်ရှိသူများကို အမျိုးသမီးများနှင့် ကလေးများကို ကာကွယ်ပေးရန်လိုအပ်ကြောင်းကို မှန်ကန်စွာနားလည်စေရန် သင်တန်းများပို့ချပေးခြင်း၊

## ဥပဒေပိုင်းဆိုင်ရာလုပ်ဆောင်ခြင်း

- ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းထားသည့် လူကူးသန်းရောင်းဝယ်မှုဆိုင်ရာ နိုင်ငံတကာစာချုပ်များနှင့်အညီ နိုင်ငံတော်အဆင့်ဥပဒေများပြဋ္ဌာန်းခြင်း၊
- လူကူးသန်းရောင်းဝယ်သူများအား နိုင်ငံများအကြား အရေးယူဆောင်ရွက်မှု ပိုမိုအားကောင်းအောင် လုပ်ဆောင်ခြင်း၊ နိုင်ငံများအကြားဖြစ်စေ နိုင်ငံနှစ်နိုင်ငံအကြားဖြစ်စေ လူကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်တော် (Memorial of Understanding) များ ရေးဆွဲ၍ လိုက်နာဆောင်ရွက်ခြင်း၊
- လူကူးသန်းရောင်းဝယ်မှုဆိုင်ရာဥပဒေများ၊ ပေါ်လစီများ၊ အစီအစဉ်များနှင့် လုပ်ဆောင်မှုများကို လူ့အခွင့်အရေးရှုထောင့်မှ စောင့်ကြပ်လေ့လာခြင်း၊
- ကူးသန်းရောင်းဝယ်ခံရသောသူများကို တရားဝင်မှု၊ မဝင်မှုမရွေး အပြစ်ပေးအရေးယူခြင်းမရှိဘဲ ကူးသန်းရောင်းဝယ်ခံရသောသူများအဖြစ်သာ ဆက်ဆံခြင်း၊
- လူကူးသန်းရောင်းဝယ်မှုလုပ်ငန်းနှင့် အခြားဆက်စပ်နေသောလုပ်ငန်းများတွင်

ပါဝင်ပတ်သက်နေသော ကူးသန်းရောင်းဝယ်သူများနှင့် အစိုးရဝန်ထမ်းများကို ထိထိရောက်ရောက်အရေးယူခြင်း၊
- လူကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေးအစီအစဉ်များအတွက် ဥပဒေများချမှတ်အကောင်အထည်ဖော်ရာတွင် ကူးသန်းရောင်းဝယ်ခံရသောသူများ၏ အကြံဉာဏ်များရယူ၍ တိုင်ပင်ဆောင်ရွက်ခြင်း၊

## ကူးသန်းရောင်းဝယ်ခံရသူများကို ကာကွယ်ပေးခြင်း

- လူကုန်ကူးခံရသောသူများ၏ ကိုယ်ရေးရာဇဝင်များကိုဖော်ထုတ်ရာတွင်လိုက်နာရမည့်လမ်းညွှန်ချက်များကို ရေးဆွဲပြင်ဆင်ခြင်း၊
- ထိုသူများလိုအပ်သည့် ကျန်းမာရေး၊ ခိုလှုံစရာနေအိမ်နှင့် နှစ်သိမ့်ဆွေးနွေးမှုများကို ပံ့ပိုးကူညီပေးခြင်း၊
- လူကုန်ကူးသူများအား ဥပဒေအရအပြစ်ပေးရန်အတွက် အမှုကြားနာချိန်တလျောက်လုံး ကူးသန်းရောင်းဝယ်ခံရသူများကို ဥပဒေနှင့် အခြားအကူအညီများထောက်ပံ့ပေးခြင်း၊
- အမှုစစ်ဆေးနေသည့်ကာလတလျောက်လုံး ကူးသန်းရောင်းဝယ်ခံရသူများ၏ ကိုယ်ရေးအကြောင်းအရာနှင့် လုံခြုံရေးကို စောင့်ရှောက်ပေးခြင်း၊
- ကူးသန်းရောင်းဝယ်ခံရသူကို သူတို့၏နိုင်ငံများမှ သံတမန်များနှင့်တွေ့ဆုံခွင့်ပေးခြင်း၊
- ကူးသန်းရောင်းဝယ်ခံရသော ကလေးငယ်များ၏ လိုအပ်ချက်များကို ပိုမိုအလေးထားဆောင်ရွက်ပေးခြင်း၊

## နေရပ်သို့ပြန်လည်ပို့ဆောင်ခြင်း

- ကူးသန်းရောင်းဝယ်ခံရသူများကို မိမိသဘောဆန္ဒအလျောက် လုံခြုံစွာဖြင့် အချိန်မီပြန်လည်ပို့ဆောင်ပေးခြင်း၊
- ထိုသူများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ်များနှင့် မိမိအသိုင်းအဝိုင်းတွင်ပြန်လည်နေသားကျနိုင်မည့်အစီအစဉ်များ ထောက်ပံ့ကူညီပေးခြင်း၊
- ထိုသူများ၏ ကျန်းမာရေးဆိုင်ရာအချက်အလက်များကို လျှို့ဝှက်ထားပေးခြင်းနှင့်

အိပ်ချ်အိုင်ဗွီစစ်ဆေးခြင်းကို မလုပ်မနေရ စစ်ဆေးမှုကို မပြုလုပ်ခြင်း

- လူကုန်ကူးခံရပြီး ပြန်လည်ရောက်ရှိလာသောသူများကို မိသားစုများနှင့် ရပ်ရွာပတ်ဝန်းကျင်က လက်ခံလာအောင်ကူညီပေးခြင်း၊
- မသက်ဆိုင်ရာလူများ၊ လုပ်ရှားမှုများတွေ့ပါက သက်ဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းများသို့သတင်းပေးခြင်း
- ကလေးကူးသန်းရောင်းဝယ်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်၍ ပညာပေးခြင်း
- ကူးသန်းရောင်းဝယ်ခံရပြီး မိမိရပ်ရွာအတွင်းသို့ ပြန်လည်ရောက်ရှိလာသောသူများအားနွေးထွေးမှု၊ စာနာနားလည်မှုနှင့် အကူအညီများပေးခြင်း၊
- အခြားသူများနှင့် လက်တွဲ၍ ထိုသူများဘဝပြန်လည်မြှင့်မားလာအောင် လိုအပ်သည့် အစီအစဉ်များလုပ်ဆောင်ပေးခြင်း။

## ကလေးကူးသန်းရောင်းဝယ်ခံရပါက ဆက်သွယ်နိုင်သည့်ထိုင်းနိုင်ငံရှိအဖွဲ့များ

Foundation of Women
295 Charansanitwong Road, Bangphafd, Bangkok 10700 Thailand
Tel.: 662-433-5149
Fax: 662-4346774
E-mail: ffw@womenthai.org

Development Center for Children and Community Network
7 Moo 2 T.Sopmoei Mae Hong Son 58110, Thailand
Telefax: 662-053618067
E-mail: ngo_salaween@hotmail.com

ECPAT International
328 Phayathai Road, Ratchathewi, Bangkok 10400
Tel.: 662-2153388
Fax: 22158572

Anti-Trafficking Coordination Unit Northern Thailand
Name ; Su ree yar Kasam saere saward
Phone; 094334600 or 053121809,053112643-4
Website; www.trafcord.org
Email; trafcord_cm@hotmail.com

———————||||||———————